ကုမ္ပဏီအမည် - Pioneer Asian Specialty Clinics Limited

လုပ်ငန်း - Eye Care Clinic including eye care treatment& other related services

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	ကုမ္ပဏီမှအဆိုပြုလွှာတင်ပြလာခြင်း	၁၇-၆-၂၀၁၅		
၂	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ၂၂/၂၀၁၅ သို့တင်ပြခြင်း	၂၉-၆-၂၀၁၅		
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်ပေးပို့ခြင်း	၈-၇-၂၀၁၅		မြေပိုင်ဆိုင်မှု အထောက်အထား မတင်ပြနိုင်၍ အဆိုပြုလွှာ ပြန်လည်ပေးပို့ခဲ့ပါသည်။
၄	ကုမ္ပဏီမှအဆိုပြုလွှာ ပြန်လည်တင်ပြလာခြင်း	၂၀-၁၂-၂၀၁၆		
၅	**သဘောထားမှတ်ချက်တောင်းခံခြင်း** (က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	 ၃-၁-၂၀၁၇ ၃-၁-၂၀၁၇ ၃-၁-၂၀၁၇	 ၂၀-၁-၂၀၁၇ ၁-၂-၂၀၁၇ ၃၁-၁-၂၀၁၇	
၆	ကုမ္ပဏီသို့ဌာနဆိုင်ရာသဘောထားမှတ်ချက်များအရ ပြင်ဆင်တင်ပြရန်အကြောင်းကြားခြင်း	၉-၂-၂၀၁၇		
၇	ကုမ္ပဏီမှလိုအပ်ချက်များပြင်ဆင်တင်ပြလာခြင်း	၃-၃-၂၀၁၇		
၈	ကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း(၅/၂၀၁၇) MIC	၁၃-၃-၂၀၁၇		
	စုစုပေါင်းကြာမြင့်ရက် ၅၂ ရက်			

ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pioneer Asian Specialty Clinics Limited မှ Eye Care Clinic including eye care treatment& other related services လုပ်ငန်းအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းနှင့်စပ်လျဉ်း၍ PAT ၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်မှု

စဉ်	ကုမ္ပဏီအမည်	လုပ်ငန်း အမျိုးအစား	PAT အကြိမ် နေ့စွဲ	ဆွေးနွေးချက်မှ ပြင်ဆင်ရန်လိုအပ်ချက်	ဆောင်ရွက် ပြီးစီးမှု	မှတ် ချက်
၁	၂	၃	၄	၅	၆	၇
၁။	Pioneer Asian Specialty Clinics Limited	Eye Care Clinic including eye care treatment& other related services	၂၂/၂၀၁၅ ၂၉-၆-၂၀၁၅	(က) ပညာရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် လင်းဘရားသား ဆောက်လုပ်ရေး ကုမ္ပဏီတို့အကြား အဆင့်ဆင့်အကျိုးတူ စာချုပ်များ တင်ပြပေးရန် (ခ) ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားထဲတွင် လုပ်ကိုင်မည့်လုပ်ငန်းသည် နေရာနှင့် အဆင်ပြေ မှန်ကန်ရန်၊ ပြည်ပမှ တင်သွင်းမည့် ပစ္စည်းများကို မှန်ကန်စွာ ပြင်ဆင်ပေးရန်နှင့် ထိုလုပ်ငန်းနှင့်အညီ အုပ်စုခွဲ၍ ပြင်ဆင် တင်ပြရန်	ပြင်ဆင်ပြီး ပြင်ဆင်ပြီး	

ကုမ္ပဏီအမည်	-	Pioneer Asian Specialty Clinics Limited
အဖွဲ့အစည်းပုံသဏ္ဌာန်	-	ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	Eye Care Clinic including eye care treatment& other related services
တည်နေရာ	-	ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၅၂)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ အနော်ရထာလမ်း၊ အမှတ်(၉၅) မြေညီထပ်၊ အခန်းအမှတ် (၀၀၁)၊ (၀၀၂)၊(၀၀၃)၊ (၀၀၄)နှင့် ပထမထပ်၊ အခန်းအမှတ် (၁၀၁)၊(၁၀၂)၊(၁၀၃)၊(၁၀၄) ရှိ စုစုပေါင်း(၆၀၀၀)စတုရန်းပေကျယ်ဝန်းသော အခန်း(၈)ခန်း
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	US$ ၁.၅ သန်း
ဝန်ဆောင်မှုပေးမည့်စနစ်	-	ပြည်တွင်းဝန်ဆောင်မှု ၁၀၀%
လုပ်ငန်းသက်တမ်း	-	ကနဦး ၅၀ နှစ် (သက်တမ်းတိုး ၁၀ နှစ်၊ နှစ်ကြိမ်)
အရင်းကြေကာလ	-	၆ နှစ် ၁၁ လ
IRR	-	၁၉.၄၂%

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည် -

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၃.၀၀ သန်း(တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		ကျပ် ၁.၁၇ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၂၄.၇၀ သန်း	
၄	ဝင်ငွေခွန်	ကျပ် ၆၄၃.၅၀ သန်း	ကျပ် ၉၅၈.၁၀ သန်း
၅	လောင်စာဆီ		ကျပ် ၂၇၃.၀၀ သန်း
၆	လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၂၀၈.၀၀ သန်း
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ် (၄၈) သိန်း ကျော်ပါက အခွန်ပေးရမည့်ဝန်ထမ်း (၁၄) ဦး
၈	မြေနှင့်အဆောက်အဦး ငှားရမ်းခရငွေ		ကျပ် ၂,၇၃၀.၀၀ သန်း
၉	CSR (%)		ကျပ် ၂၉.၉၀ သန်း
၁၀	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၂၃ ဦး/ ပြည်ပ ၁၇ ဦး
			ပြည်တွင်းလုပ်သား (၂၃) ဦး အလုပ်အကိုင် ရရှိမည်ဖြစ်၍ ဒေသအလုပ် အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပါသည်။
	စုစုပေါင်း	ကျပ် ၆၇၁.၂၀ သန်း	ကျပ် ၄၂၀၀.၁၇ သန်း
		၁:၆	

Pioneer Asian Specialty Clinics Limited မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Eye Care Clinics including eye care treatment & other related services လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန်

အဆိုပြုတင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်	- Pioneer Asian Specialty Clinics Limited
၂။	လုပ်ငန်းအဆိုပြုသူအမည်	- Mr.Sundaraaman Chandrashekar
၃။	ရင်းနှီးမြှုပ်နှံမှုပုံစံ	- ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - Golden Lotus Services(S) Pte Ltd. (စင်ကာပူ) ၇၅% - Grand Wellness Medicare Diagnostics Ltd.(မြန်မာ) ၂၅%
၄။	အဆိုပြုလုပ်ငန်းအမျိုးအစား	- ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Eye Care Clinic including eye care treatment& other related services
၅။	လုပ်ငန်းနေရာ/ မြေအကျယ်အဝန်း	- ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် ၊ အမှတ်(၁)ရပ်ကွက်၊ (၅၂)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ အနော်ရထာလမ်း၊ အမှတ်(၉၅)၏ မြေညီထပ်၊ အခန်းအမှတ် (၀၀၁)၊ (၀၀၂)၊(၀၀၃)၊ (၀၀၄)နှင့် ပထမထပ်၊ အခန်းအမှတ် (၁၀၁)၊(၁၀၂)၊(၁၀၃)၊(၁၀၄) ရှိ စုစုပေါင်း(၆၀၀၀)စတုရန်းပေကျယ်ဝန်းသော အခန်း(၈)ခန်း
	အခန်းပိုင်ရှင်	- ဦးသိန်းလွင်
	ငှားရမ်းကာလ	- ၅၀ နှစ်
	ငှားရမ်းခ(နှစ်စဉ်)	- တစ်စတုရန်းမီတာလျှင်(US$ ၆.၂၈)
၆။	မတည်ရင်းနှီးငွေပမာဏ	**- အမေရိကန်ဒေါ်လာ (၁.၅) သန်း**

ထည့်ဝင်မည့်အမျိုးအစား	နိုင်ငံခြား US$(သန်း)	မြန်မာ US$(သန်း)	စုစုပေါင်း US$(သန်း)
ငွေသား	၀.၇၆၀	၀.၀၄၆	၀.၈၀၇
စက်နှင့်စက်ပစ္စည်း	၀.၃၅၄	၀.၀၂၉	၀.၃၈၃
Motor Vehicles	-	၀.၀၅၀	၀.၀၅၀
ပရိဘောဂအသုံးအဆောင်ပစ္စည်း	၀.၀၁၀	၀.၂၅၀	၀.၂၆၀
စုစုပေါင်း	၁.၁၂၅	၀.၃၇၅	၁.၅၀၀

၇။	တည်ဆောက်ရေးကာလ	- ၆ လ
၈။	ဝန်ဆောင်မှု (ဆဋ္ဌမမြောက်နှစ်) ဝန်ဆောင်မှုအမျိုးအစား	

စဉ်	ဝန်ဆောင်မှုအမျိုးအစား	အရေအတွက်	ဝန်ဆောင်ခနှုန်း (ကျပ်)
(က)	AR,NCT, Refraction	၆၂,၄၀၀	၁၇,၁၆၀
(ခ)	Fundus	၁,၄၆၀	၅၀,၀၅၀
(ဂ)	FFA	၇၃၀	၅၀,၀၅၀
(ဃ)	B-SCAN	၁,၄၆၀	၅၀,၀၅၀
(င)	HFA	၂,၁၉၀	၅၀,၀၅၀

		(စ) Pachymetry ၁,၄၆၀ ၅၀,၀၅၀ (ဆ) OCT ၂,၉၂၀ ၅၀,၀၅၀ (ဇ) A-SCAN ၁,၄၆၀ ၅၀,၀၅၀ (ဈ) Bio Metry ၁,၄၆၀ ၅၀,၀၅၀ (ည) Corneal Topography ၁,၄၆၀ ၅၀,၀၅၀
၉။	ကုမ္ပဏီ၏(ဆဋ္ဌမမြောက်နှစ်) ဝင်ငွေ အသုံးစရိတ် အသားတင်အမြတ်	 US$ ၁.၄၆၀ သန်း US$ ၁.၀၂၁ သန်း US$ ၀.၄၄၀ သန်း
၁၀။	နိုင်ငံတော်မှရရှိမည့် (ဆဋ္ဌမမြောက်နှစ်) အကျိုးအမြတ် ဝင်ငွေခွန်	- US$ ၀.၁၄၇ သန်း
၁၁။	ဝန်ထမ်းအင်အား ပြည်တွင်း ပြည်ပ	- ၂၃ ဦး (ပြည်တွင်းလုပ်သားတစ်ဦး၏ အနိမ့်ဆုံးလစာ မှာ ကျပ် ၁၃၀, ၀၀၀ ဖြစ်ပြီး၊ အမြင့်ဆုံးလစာ မှာ ကျပ် ၃,၀၀၀,၀၀၀ ဖြစ်ပါသည်။) - ၁၇ ဦး (ပြည်ပလုပ်သားတစ်ဦး၏ အနိမ့်ဆုံးလစာမှာ US$ ၃၀၀၊ အမြင့်ဆုံးလစာမှာ US$ ၃,၅၀၀ ဖြစ်ပါသည်။)
၁၂။	အရင်းကြေကာလ	- ၆နှစ် ၄ လ
၁၃။	အရင်းအနှီးပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၂၀.၀၀ %
၁၄။	ငွေကြေးအထောက်အထား	- Golden Lotus Services(S) Pte Ltd. အမည်ဖြင့် (၃၀-၁၁-၂၀၁၆) ရက်စွဲဖြင့် Far Eastern Bank ဘဏ်၌ SGD ၆၂၃,၇၉၄.၅၀ (US$ ၄၄၀,၅၃၂.၈၄)ရှိကြောင်း တင်ပြထားပါသည်။
၁၅။	ကုမ္ပဏီမှ ဆောင်ရွက်မည့် CSR	- CSR လုပ်ငန်းများအတွက် အသားတင်အမြတ်ငွေ၏ ပထမ(၃) နှစ်အတွင်း ၁.၅ %၊ (၄) နှစ်မြောက် တွင် ၂%၊ (၅) နှစ်မြောက်မှ (၃) နှစ်အတွင်း ၂.၅% အသုံးပြုသွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၆။	မီးဘေးကာကွယ်ထားရှိမှု အစီအစဉ်	- မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက် ရေးဆွဲ တင်ပြထားပါသည်။

၁၇။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု	- ၁၄၀,၀၀၀ Unit
၁၈။	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်	- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၉။	အခြားတင်ပြချက်များ	- အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်)နှင့် လင်းဘုရားသား ဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူပူးပေါင်း သဘောတူစာချုပ်၊ Pioneer Asian Specialty Clinics Limited၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ MOA,AOA၊ ဂရဲ(န်ဒ်)ဝဲ(လ်)နက်(စ်) မက်ဒီကဲ(ယား) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ Golden Lotus Services(S) Pte Ltd ကုမ္ပဏီမှတ်ပုံတင်လက်မှတ် တို့ကို တင်ပြထားပါသည်။ - ရင်းနှီးမြှုပ်နှံသူများ၏ Passport (မိတ္တူ)များနှင့် နိုင်ငံသား စိစစ်ရေးကဒ်(မိတ္တူ)တို့အား တင်ပြထားပါသည်။ - Pioneer Asian Specialty Clinics Limited မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သန့်ရှင်းသာယာရေး စီမံချက်၊ CSR၊ မီးဘေး ကြိုတင်ကာကွယ်ရေးစီမံချက်၊ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး စီမံချက်များ တင်ပြထားပါသည်။ - Pioneer Asian Specialty Clinics Limited နှင့် ဦးသိန်းလွင်တို့ ချုပ်ဆိုမည့် အခန်းငှားရမ်းခြင်းသဘောတူစာချုပ် (မူကြမ်း)၊ လင်းဘုရားသား ဆောက်လုပ်ရေးကုမ္ပဏီနှင့် ဦးသိန်းလွင်တို့ ချုပ်ဆိုထားသော အိမ်ခန်းအရောင်းအဝယ် စာချုပ်တို့ကို တင်ပြထားပါသည်။
၂၀။	စိစစ်တင်ပြချက်	(က)ပုဂ္ဂလိကဆေးခန်းဝန်ဆောင်မှုလုပ်ငန်းသည် ၂၀၁၆ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ် ၂၆/၂၀၁၆ အရ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် နိုင်ငံသားနှင့်ဖက်စပ် စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ရှိသော လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။ (ခ) အဆိုပြုလုပ်ငန်းတွင် ပြည်ပမှကျွမ်းကျင်သူ ဆရာဝန်များ ခန့်ထားခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံကျန်းမာရေးကောင်စီ သို့ တင်ပြရမည် ဖြစ်ပါသည်။ (ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၇ ပါအတိုင်း ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားခွင့်များ ရရှိမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊မရက - ၅(အ)/န-၀၂၅/၂၀၁၇([illegible])
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့
တင်ပြသည့် အမှာစာ

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဖြင့် Pioneer Asian Specialty Clinics Limited မှ Eye Care Clinic including eye care treatment & other related services လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြလာခြင်းကိစ္စ**

၁။ စင်ကာပူနိုင်ငံ Golden Lotus Services(S)Pte Ltd. မှ ၇၅% နှင့် မြန်မာနိုင်ငံ Grand Wellness Medicare Diagnostics Ltd. မှ ၂၅% ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Pioneer Asian Specialty Clinics Limited တည်ထောင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၅၂)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ အနော်ရထာလမ်း၊ အမှတ်(၉၅) မြေညီထပ်၊ အခန်းအမှတ် (၀၀၁)၊ (၀၀၂)၊(၀၀၃)၊(၀၀၄)နှင့် ပထမထပ်၊ အခန်းအမှတ် (၁၀၁)၊(၁၀၂)၊ (၁၀၃)၊ (၁၀၄)ရှိ (၆,၀၀၀) စတုရန်းပေ (၅၅၇.၄၂ စတုရန်းမီတာ) ကျယ်ဝန်းရှိ အခန်း(၈)ခန်း အား ငှားရမ်း၍ Eye Care Clinic including eye care treatment & other related services လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သို့ တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ အခန်းငှားရမ်းခြင်းစာချုပ်(မူကြမ်း)၊ ဖက်စပ်စာချုပ်(မူကြမ်း)၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ သင်းဖွဲ့ မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်း၊ Grand Wellness Medicare Diagnostics Ltd.၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် တို့ကို ပူးတွဲတင်ပြထားပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၅၂)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ အနော်ရထာလမ်း၊ အမှတ်(၉၅)၏ မြေညီထပ်၊ အခန်းအမှတ် (၀၀၁)၊(၀၀၂)၊ (၀၀၃)၊ (၀၀၄) နှင့် ပထမထပ်၊ အခန်းအမှတ် (၁၀၁)၊ (၁၀၂)၊ (၁၀၃)၊ (၁၀၄)ရှိ (၆,၀၀၀)စတုရန်းပေ (၅၅၇.၄၂ စတုရန်းမီတာ) ကျယ်ဝန်းသော အခန်း(၈)ခန်း အား တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၄၂,၀၀၀ နှုန်းဖြင့် (၅၀)နှစ် ငှားရမ်းဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ လုပ်ငန်းသက်တမ်းကာလမှာ ကနဦး ၅၀ နှစ်နှင့် ၁၀ နှစ် ၂ ကြိမ် သက်တမ်းတိုး ဆောင်ရွက်မည်ဖြစ်ပြီး တည်ဆောက်ရေး ကာလမှာ (၆)လ ကြာမြင့်မည် ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်း၏ စုစုပေါင်းမတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၁.၅ သန်း ဖြစ်ပြီး စက်နှင့်စက်ပစ္စည်း၊ ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ တန်ဖိုး အမေရိကန်ဒေါ်လာ ၀.၃၆၄ သန်း

ကို ပြည်ပမှ တင်သွင်းမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ မတည်ငွေရင်း ထည့်ဝင်မှု အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ထည့်ဝင်မည့်အမျိုးအစား	နိုင်ငံခြား (၇၅%)	မြန်မာ (၂၅%)	စုစုပေါင်း US$(သန်း)
ငွေသား	၀.၇၆၀	၀.၀၄၆	၀.၈၀၇
စက်နှင့်စက်ပစ္စည်း	၀.၃၅၄	၀.၀၂၉	၀.၃၈၃
Motor Vehicles	-	၀.၀၅၀	၀.၀၅၀
ပရိဘောဂအသုံး အဆောင်ပစ္စည်း	၀.၀၁၀	၀.၂၅၀	၀.၂၆၀
စုစုပေါင်း	**၁.၁၂၅**	**၀.၃၇၅**	**၁.၅၀၀**

(အမေရိကန် ၁ဒေါ်လာလျှင် ကျပ်၁၃၀၀ နှုန်းဖြင့် တွက်ချက်ထားပါသည်။)

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းဝန်ထမ်း (၂၃)ဦးနှင့် ပြည်ပဝန်ထမ်း(၁၇)ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ ကျပ် ၁၃၀,၀၀၀ နှင့် အမြင့်ဆုံး လစာမှာ ကျပ် ၃,၀၀၀,၀၀၀ ဖြစ်ပြီး ပြည်ပဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ US$ ၃၀၀ နှင့် အမြင့်ဆုံးလစာမှာ US$ ၃,၅၀၀ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းမှာ မျက်စိဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများဖြင့် လိုအပ်သော ဆေးဝါးကုသမှုပေးခြင်း စသည့် မျက်စိနှင့်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများ ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ အဆိုပြုလုပ်ငန်း မျက်စိဆေးခန်း၏ (ဆဋ္ဌမမြောက်နှစ်) ဝန်ဆောင်မှုပေးမည့် အမျိုးအစားနှင့် ဝန်ဆောင်ခနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ဝန်ဆောင်မှု အမျိုးအစား	အရေအတွက်	နှုန်းထား (ကျပ်)
AR,NCT, Refraction	၆၂,၄၀၀	၁၇,၁၆၀
Fundus	၁,၄၆၀	၅၀,၀၅၀
FFA	၇၃၀	၅၀,၀၅၀
B-SCAN	၁,၄၆၀	၅၀,၀၅၀
HFA	၂,၁၉၀	၅၀,၀၅၀
Pachymetry	၁,၄၆၀	၅၀,၀၅၀
OCT	၂,၉၂၀	၅၀,၀၅၀
A-SCAN	၁,၄၆၀	၅၀,၀၅၀
Bio Metry	၁,၄၆၀	၅၀,၀၅၀
Corneal Topography	၁,၄၆၀	၅၀,၀၅၀

၉။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်) တွင် ရရှိမည့်ကုမ္ပဏီ၏ ဝင်ငွေ နှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

		US$(သန်း)
(က)	ဝင်ငွေ	၁.၄၆၁
(ခ)	အသုံးစရိတ်	၁.၀၂၁
(ဂ)	အသားတင်အမြတ်	၀.၄၄၀

၁၀။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်) တွင် ရရှိမည့် အကျိုး အမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် US$ ၀.၁၁၇ သန်း ဖြစ်ပါသည်။ အရင်းကြေကာလမှာ ၆နှစ် ၄ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း IRR မှာ ၂၀.၀၀ % ဖြစ်ပါသည်။

၁၁။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ သဘောထားတောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** မှ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် ၊ အမှတ်(၁)ရပ်ကွက်၊ (၅၂)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ အမှတ်(၉၅) မြေညီထပ်၊ အခန်းအမှတ်(၀၀၁)၊ (၀၀၂)၊ (၀၀၃)၊ (၀၀၄)နှင့် ပထမထပ်၊ အခန်းအမှတ်(၁၀၁)၊ (၁၀၂)၊ (၁၀၃)၊ (၁၀၄) ရှိ (၆,၀၀၀) စတုရန်းပေကျယ်ဝန်းသော အခန်း(၈) ခန်းအား ငှားရမ်းပြီး Eye Care Clinic including eye care treatment & other related services လုပ်ငန်းအား (၁၉-၁-၂၀၁၇) ရက်နေ့တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇)၊ ဆုံးဖြတ်ချက်အပိုဒ်(၂၃)အရကန့်ကွက်ရန်မရှိပါကြောင်းပြန်ကြားထားပါသည်။

နောက်ဆက်တွဲ-က

(ခ) **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များကို အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility - CSR)အတွက် အသားတင်အမြတ်ငွေ၏(၁.၅%)ကို ရင်းနှီးမြှုပ်နှံမှု ကာလ (၁)နှစ် မှ (၃)နှစ်အထိ၊ (၂%) ကို (၄) နှစ်အထိနှင့် (၂.၅%)ကို (၅)နှစ်မှ နှစ် (၃၀) အထိ အသုံးပြုခြင်းအပါအဝင် ဆောင်ရွက်ပေးသွားမည့် ကတိကဝတ်များကို တိတိကျကျ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေး မထိခိုက်စေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့အတွက် **ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း** (Initial Environmental Examination-IEE) ကို

ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များပါအတိုင်း အစီရင်ခံ စာရေးသား တင်ပြရန်နှင့် ဝန်ကြီးဌာနမှ လိုအပ်ပါက **ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment - EIA)** ကို ဆက်လက်ဆောင်ရွက်ရန်၊ အထက်ပါ လေ့လာဆန်းစစ်မှု ရလဒ်များကိုအခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်)ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် လုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများ အတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP)** အား ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက် များနှင့်အညီ ရေးဆွဲတင်ပြ ရန်နှင့်စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ စီမံကိန်းဆောင်ရွက် မည့်သူများအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ် ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီစဉ်များ၊ အစီရင်ခံစာများ ရေးသားပြုစုရာတွင် ပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်း ကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သော ဒေသခံပြည်သူများ၏ဆန္ဒနှင့် သဘောထားများကိုရယူဆောင်ရွက်ရန် သဘောထား မှတ်ချက် ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-ခ**

(ဂ) **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ** ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန် မရှိပါကြောင်း၊ ပြည်တွင်း/ ပြည်ပမှ ပညာရှင်များ ဖိတ်ခေါ်၍ ဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံ ဆေးကောင်စီ၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် မျက်စိခွဲစိတ် ကုသခြင်းနှင့် အတွင်းလူနာများ လက်ခံထား ရှိမည်ဆိုပါက ပုဂ္ဂလိကဆေးရုံလုပ်ငန်းအနေဖြင့် ဆောင်ရွက်သင့်ပါကြောင်း သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ- ဂ**

၁၂။ ငွေကြေးအထောက်အထားအဖြစ် Golden Lotus Services(s) Pte Ltd., အမည်ဖြင့် (၃၀-၁၁-၂၀၁၆) ရက်စွဲဖြင့် စင်ကာပူနိုင်ငံ Far Eastern Bank ဘဏ်၌ စင်ကာပူဒေါ်လာ ၆၂၃, ၇၉၄.၅၀ (US$ ၄၄၀,၅၃၂.၈၃၉) ရှိကြောင်း တင်ပြထားပါသည်။

၁၃။ မီးဘေးကာကွယ်ရေးအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းသာယာရေး စီမံချက်၊ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးစီမံချက်များ၊ CSR အနေဖြင့် လုပ်ငန်းလည်ပတ်မှုမှရရှိမည်ဟု ခန့်မှန်းထားသည့် အသားတင်အမြတ်ငွေမှ ၁.၅ % ကို ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်မှုလုပ်ငန်းအစီအစဉ်များတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၅။ အဆိုပြုလုပ်ငန်းအား ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ (၂၂/၂၀၁၅) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

စိစစ်တင်ပြချက်

၁၆။ အဲဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ တဖက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) အဆိုပါလုပ်ငန်းသည် ၂၀၁၆ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ အရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သဘောထား မှတ်ချက်ဖြင့် နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့် ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။

(ခ) အဆိုပြုလုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်ပမှ အမေရိကန်ဒေါ်လာ ၀.၃၆၄ သန်းတန်ဖိုးရှိ မျက်စိဆေးခန်းအတွက် လိုအပ်သော စက်နှင့်စက်ကိရိယာပစ္စည်း၊ ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများကို တင်သွင်းမည်ဖြစ်ပါသည်။ အခွန်အကောက်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ခံစားနိုင်မည်ဖြစ်ကြောင်း စိစစ်ရပါသည်။

(ဂ) ကော်မရှင်ခွင့်ပြုမိန့်ရရှိပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ သက်ဆိုင်ရာလုပ်ငန်းလိုင်စင် လျှောက်ထားရန်လိုအပ်ပါသည်။

(ဃ) အဆိုပြုလုပ်ငန်းဆောင်ရွက်မည့်နေရာသည် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးထားသော မြေဖြစ်ပြီး ယင်းမြေပေါ်တွင် အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်)နှင့် လင်းဘရားသားဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ တိုက်ခန်းဆောက်လုပ်ခဲ့ပြီး လင်းဘရားသားအကျိုးခံစားပိုင်ခွင့်ရှိသော တိုက်ခန်းများမှ အခန်း(၈)ခန်းအား ဦးသိန်းလွင်မှ ဝယ်ယူခဲ့ပြီး တိုက်ခန်းပိုင်ရှင် ဦးသိန်းလွင် ထံမှတဆင့် Pioneer Asian Specialty Clinics Limited သည် အခန်း(၈)ခန်း အား ငှားရမ်း၍ အဆိုပြုလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်း စိစစ်ရပါသည်။

(င) အဆိုပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တစ်ဖက်ပါ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအား ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်-

စဉ်	ကုမ္ပဏီအမည်	ခွင့်ပြုမိန့် အမှတ် / ရက်စွဲ	လုပ်ငန်းအမျိုး အစား	တည်နေရာ	ရင်းနှီး မြှုပ်နှံမှု ပုံစံ
၁	Bumrungrad Myanmar Company Limited	၁၀၁၆/၂၀၁၅ (၂၅-၉-၂၀၁၅)	ကျန်းမာရေး စောင့်ရှောက်မှု နှင့် ဆေးကုသရေး ဝန်ဆောင်မှု များ အပါအဝင် ပုဂ္ဂလိက ဆေးခန်း နှင့် ရောဂါရှာဖွေ ရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်း	ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့နယ်၊အမှတ် (၇၇) ပြည်ထောင်စု ရိပ်သာလမ်း	ဖက်စပ်
၂	World Lab Myanmar Company Limited	၁၁၃၈/၂၀၁၆ (၂၃-၇-၂၀၁၆)	Dental Restorations	ရန်ကုန်တိုင်း ဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပြည်လမ်း၊ စော်ဘွားကြီးကုန်း ရပ်ကွက်၊ အမှတ် - ၁၃၀-က၊ မြေကွက်အမှတ် ၁/စ^က-w^၊ မြေတိုင်းရပ်ကွက် အမှတ်- ၃၉၄၊	ဖက်စပ်

ဆုံးဖြတ်ရန်အချက်

၁၇။ သို့ဖြစ်ပါ၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pioneer Asian Specialty Clinics Limited မှ Eye Care Clinic including eye care treatment & other related services ဝန်ဆောင်မှု လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်အပေါ် ကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

ကန့်သတ်

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁။	Pioneer Asian Specialty Clinics Limited	(၁) Mr. Sundararaman Chandrasherar PP No. Z3108131	No.9, Agasthiar East Street, Ambasamudram(PO), Tirunelveli Rural PIN: 627401, Tamil Nadu, India.
၂။		(၂) Mr. Tenzing Arun PP No. Z3107651	ONO.174-A, NNO 1 Gnanariri Road, Sivakasi Post, Virudhunagar PIN: 626189, Tamil Nadu, India.
၃။		(၃) Mr. Sundar Narayan Shashinarayan PP No. PEO387172	1D- Sankeerthan Abhiramapuram 1st Street Alwarpet, Chennai-600018.
၄။		(၄) U Shein Lwin 12/PA ZA TA (N) 011219	No.113, 3rd Floor, 49th Street, Ward No.(1), Pazundaung Township, Yangon Region.

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ - ၀၉-၉၇၇၇၈၀၈၇၃

၂။ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ - အမှတ်-၁၁၃၊ (၃)လွှာ၊ ၄၉ လမ်း၊ အမှတ် (၁)ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - ဦးစိန်လွင်၊ ဒါရိုက်တာ

၄။ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - Eye Care Clinic including eye care treatment & other related services လုပ်ငန်း

၅။ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ -

၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ -

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် -

နောက်ဆက်တွဲ-က

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၇) / တိုင်းရင်းသား
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃. ၁. ၂၀၁၇)ရက်စွဲပါစာအမှတ်၊ မရက-၅(အ)/ န-၀၂၅/၂၀၁၇(၆၀၀)

၁။ စင်ကာပူနိုင်ငံ Golden Lotus Services (S) Pte Ltd. မှ ၇၅%နှင့် မြန်မာနိုင်ငံ Grand Wellness Medicare Diagnostics Ltd. မှ ၂၅% ထည့်ဝင်ကာ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pioneer Asian Specialty Clinics Limited တည်ထောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၅၂)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ အမှတ်(၉၅)မြေညီထပ်၊ အခန်းအမှတ်(၀၀၁)၊ (၀၀၂)၊ (၀၀၃)၊ (၀၀၄)နှင့် ပထမထပ်၊ အခန်းအမှတ် (၁၀၁)၊ (၁၀၂)၊ (၁၀၃)၊ (၁၀၄)ရှိ (၆,၀၀၀)စတုရန်းပေကျယ်ဝန်းသော အခန်း(၈)ခန်းအား ငှားရမ်းပြီး Eye Care Clinic including eye care treatment & other related services လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ (၁၉. ၁. ၂၀၁၇) ရက်နေ့တွင်ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇)၊ ဆုံးဖြတ်ချက်အပိုဒ် (၂၃)အရ ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားပြန်ကြားအပ်ပါသည်။

ဝန်ကြီးချုပ် (ကိုယ်စား)
(နော်ပန်းသဉ္ဇာမျိုး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုဇွန်တောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Pioneer Asian Specialty Clinics Limited
လက်ခံစာတွဲ/မျှောစာတွဲ

D/2017/Cabinet/3,(1)

နောက်ဆက်တွဲ-၁

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ဝဝ၁/ MIC(OSS) /ဝ၁(၎၇၊၁၇)
ရက် စွဲ ၊ ၂ဝ၁၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Pioneer Asian Specialty Clinics Limited မှ Eye Care Clinic including eye care treatment & other related services လုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃-၁-၂ဝ၁၇ ရက်စွဲပါစာအမှတ်၊ မရက်-၅(အ)/ န- ဝ၂၅/ ၂ဝ၁၇(၆ဝ၂)

၁။ စင်္ကာပူနိုင်ငံရှိ Golden Lotus Services(S) Pte Ltd. မှ ၇၅% နှင့် မြန်မာနိုင်ငံရှိ Grand Wellness Medicare Diagnostics Ltd. မှ ၂၅% ထည့်ဝင်ကာ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pioneer Asian Specialty Clinics Limited တည်ထောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်- ၁ ရပ်ကွက်၊ ၅၂ လမ်းနှင့် အနော်ရထာလမ်းထောင့်၊ အမှတ်- ၉၅ ၏မြေညီထပ်၊ အခန်းအမှတ်- ဝဝ၁၊ ဝဝ၂၊ ဝဝ၃၊ ဝဝ၄ နှင့် ပထမထပ်၊ အခန်းအမှတ်- ၁ဝ၁၊ ၁ဝ၂၊ ၁ဝ၃၊ ၁ဝ၄ ရှိ (၆ဝဝဝ စတုရန်းပေ) ကျယ်ဝန်းသော အခန်း (၈) ခန်းကို ငှားရမ်းပြီး Eye Care Clinic including eye care treatment & other related services လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါပေးပို့လာသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာအား စိစစ်ရာတွင် အောက်ပါအချက်များကို လေ့လာတွေ့ရှိရပါသည် -

(က) ကနဦးရင်းနှီးမြှုပ်နှံမှု ကာလမှာ (၅ဝ) နှစ်ဖြစ်ပြီး၊ သက်တမ်းတိုး (၁ဝ) နှစ် (၂) ကြိမ်ဆောင်ရွက်မည်ဖြစ်ကာ လုပ်ငန်းတည်ဆောက်မည့် ကာလမှာ (၆) လ ဖြစ်ကြောင်း၊

(ခ) လုပ်ငန်းခွင်သာယာရေးနှင့် သက်သာချောင်ချိရေးစီမံချက်၊ မီးဘေးကြိုတင် ကာကွယ်ရေး စီမံချက်များကိုလည်း ထားရှိဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(ဂ) အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ၂၁/၂ဝ၁၅ ကြိမ်မြောက် အစည်းအဝေးတွင် IEE, EMP နှင့် ဝန်ကြီးဌာနမှ လိုအပ်ပါက EIA ပြုလုပ်ရန် သဘောထားမှတ်ချက်ပေးပြီးဖြစ်သော်လည်း သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူနေသဖြင့်

ပြီးဖြစ်သော်လည်း သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူနေသဖြင့် ယခုမှသာ MIC တင်မည်ဖြစ်ပါသဖြင့် သဘောထားမှတ်ချက် ထပ်မံတောင်းခံခြင်း ဖြစ်ကြောင်း၊

(ဃ) အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆေးရုံတည်ထောင်ခွင့်နှင့် ကုသခွင့်လိုင်စင်လျှောက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊

(င) လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏ (၁.၅%) ကို ရင်းနှီးမြှုပ်နှံမှုကာလ (၁) နှစ်မှ (၃) နှစ်အထိ၊ (၂%) ကို (၄) နှစ်အထိနှင့် (၂.၅%) ကို (၅) နှစ်မှ နှစ် (၃၀) အထိ လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည် ဖြစ်ကြောင်း၊

(စ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ဆေးရုံအတွင်း အမှိုက်ပုံးများ ထားရှိမည်ဖြစ်ပြီး မျက်စိဆေးရုံမှ စွန့်ပစ်ပစ္စည်းများနှင့် စွန့်ပစ်အရည်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့်သယံဇာတနှင့် သဘာပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ အဆိုပြုလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာသုံးသပ်ရပါသည် -

(က) Pioneer Asian Specialty Clinics Limited မှ Eye Care Clinic including eye care treatment & other related services လုပ်ငန်းကို ဆောင်ရွက်ရာတွင် ထွက်ရှိလာမည့် ဆေးရုံသုံးဘေးအန္တရာယ်ရှိ စွန့်ပစ်ဆေးပစ္စည်းများ၊ ဓာတုဗေဒပိုးသတ်ဆေးရည်များကြောင့် ပတ်ဝန်းကျင်ရှိ ရေထု၊ မြေထု ညစ်ညမ်းခြင်း၊

(ခ) မျက်စိခွဲစိတ်ရာမှ ထွက်ရှိလာသည့် စွန့်ပစ်အစိတ်အပိုင်းများ၊ ကူးစက်ရောဂါ ဖြစ်စေသောစွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်းနှင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူလူထုအား ကူးစက်ရောဂါနှင့် ဘေးအန္တရာယ်များ ဖြစ်ပွားစေနိုင်ခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု ပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Pioneer Asian Specialty Clinics Limited မှ Eye Care Clinic including eye care treatment & other related services လုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကိုပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များကိုအသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) အတွက် အသားတင်အမြတ်ငွေ၏ (၁.၅%) ကို ရင်းနှီးမြှုပ်နှံမှုကာလ (၁) နှစ်မှ (၃) နှစ်အထိ၊ (၂%) ကို (၄) နှစ်အထိနှင့် (၂.၅%) ကို (၅) နှစ်မှ နှစ် (၃၀) အထိ အသုံးပြုခြင်းအပါအဝင် ဆောင်ရွက်ပေးသွားမည့် ကတိကဝတ်များကို တိတိကျကျလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှုမရှိစေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် **ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination - IEE)** ကို ဆောင်ရွက်ပြီးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များပါအတိုင်း အစီရင်ခံစာရေးသားတင်ပြရန်နှင့် ဝန်ကြီးဌာနမှလိုအပ်ပါက **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)** ကို ဆက်လက်ဆောင်ရွက်ရန်။

(ဂ) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကိုအခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP)** အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဃ) စီမံကိန်းဆောင်ရွက်မည့်သူများအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ၊ အစီရင်ခံစာများရေးသားပြုစုရာတွင် ပြဋ္ဌာန်း ထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်း ဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ် ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင်ဖော်ပြပါရှိသည့် လိုက်နာ ဆောင်ရွက်ရမည့်အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(င) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သောဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများကိုလည်း ရယူဆောင်ရွက်ရန်။

(အောင်သူကျော်)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

နောက်ဆက်တွဲ-ဂ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ဇမခ(က)၂၀၁၇/၂၀၆၄

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက် ညှိနှိုင်းပြန်ကြားခြင်း။**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃-၁-၂၀၁၇)ရက်စွဲပါစာအမှတ်၊ မရက -၅(အ)/န-၁၂၅/၂၀၁၇(၆၀၁)။

၁။ အထက်အကြောင်းအရာနှင့်ပတ်သက်၍ စင်ကာပူနိုင်ငံ Golden Lotus Services(S)Pte Ltd. မှ (၇၅%)နှင့် မြန်မာနိုင်ငံ Grand Wellness Medicare Diagnostics Ltd. (၂၅%) ထည့်ဝင်ကာ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pioneer Asian Specialty Clinics Limited တည်ထောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၅၂)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ အမှတ်(၉၅)၏ မြေညီထပ်ရှိ (၆၀၀၀)စတုရန်းပေ ကျယ်ဝန်းသော အခန်း(၈)ခန်းအား ငှားရမ်းပြီး Eye Care Clinic including eye care treatment & other related services လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် ရည်ညွှန်းချက်ပါစာဖြင့် ညှိနှိုင်းခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ကုမ္ပဏီအနေဖြင့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း၊ ပြည်တွင်း/ပြည်ပမှ ပညာရှင်များဖိတ်ခေါ်၍ ဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံဆေးကောင်စီ၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မျက်စိခွဲစိတ်ကုသခြင်းနှင့် အတွင်းလူနာများ လက်ခံထားရှိမည်ဆိုပါက ပုဂ္ဂလိကဆေးရုံလုပ်ငန်းအနေဖြင့် ဆောင်ရွက်သင့်ပါကြောင်း သဘောထားမှတ်ချက် ညှိနှိုင်းပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို-

ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန

Minister(2016)zch- N

Annex 5

List of Machinery and Equipment to be purchased to be imported

TO BE IMPORTED

Currency in USD

SR NO.	PARTICULARS	MODEL	A/U	UNIT PRICE	YEAR 1	
					QTY	AMOUNT
(A)	CLINICAL EQUIPMENTS					
1	Opthalmic Refraction Chair Unit Complete Set	Plantech/Other Equivalent Supplier	Set	1,500.00	3	4,500.00
2	Slit Lamp	Optilasa/Topcon/Heine/Hai Labs/Other Equivalent Supplier	Set	3,500.00	3	10,500.00
3	Indirect Ophthalmoscope	Heine/Welchallyn/Other Equivalent Supplier	Set	690.00	2	1,380.00
4	Direct Ophthalmoscope	Heine/Welchallyn/Other Equivalent Supplier	Set	1,300.00	2	2,600.00
5	Applanation Tonometer	Heine/Welchallyn/Other Equivalent Supplier	Set	1,300.00	2	2,600.00
6	I-Chart	Plantech/Other Equivalent Supplier	Set	800.00	2	1,600.00
7	Retinoscope	Heine/Welchallyn/Other Equivalent Supplier	Set	150.00	2	300.00
8	Trial Set	RL Hansraj/Other Equivalent Supplier	Set	160.00	5	800.00
9	Manual Keratometer	Optilasa/Other Equivalent Supplier	Set	800.00	1	800.00
10	Lensometer	Topcon/Other Equivalent Supplier	Set	2,400.00	1	2,400.00
11	Auto Refracto Keratometer	Topcon/Welchallyn/Other Equivalent Supplier	Set	5,000.00	2	10,000.00
12	Auto Kerato Refracto Keratometer	Topcon/Other Equivalent Supplier	Set	8,300.00	1	8,300.00
13	Non Contact Tonometer	Topcon/Other Equivalent Supplier	Set	6,600.00	1	6,600.00
14	BP Apparatus	BPL/Other Equivalent Supplier	Set	330.00	5	1,650.00
15	Stethescope	BPL/Other Equivalent Supplier	Set	160.00	5	800.00
16	Manual Tonometer	Optilasa/Other Equivalent Supplier	Set	1,300.00	2	2,600.00
17	Computerized Tonometer	Optilasa/Other Equivalent Supplier	Set	9,100.00	1	9,100.00
18	Humphrey Field Analyser(HFA)	Zeiss/Other Equivalent Supplier	Set	26,600.00	1	26,600.00
19	Fundus Fluorescein Angiography (FFA)	Zeiss/Other Equivalent Supplier	Set	25,000.00	1	25,000.00
20	A SCAN	Hai Labs/Other Equivalent Supplier	Set	4,000.00	1	4,000.00
21	B SCAN	Hai Labs/Other Equivalent Supplier	Set	12,500.00	1	12,500.00
22	Pachymetry	Zeiss/Other Equivalent Supplier	Set	10,000.00	1	10,000.00
23	Optical Coherence Tomography (OCT)	Topcon/Other Equivalent Supplier	Set	35,000.00	1	35,000.00
24	Photo Slit Lamp	Topcon/Other Equivalent Supplier	Set	16,500.00	1	16,500.00
25	Yag Laser	OptoGlobal/Lightmed/Other Equivalent Supplier	Set	18,000.00	1	18,000.00
26	Retina Laser (Green Laser)	OptoGlobal/Lightmed/Other Equivalent Supplier	Set	25,000.00	1	25,000.00

27	3 Mirror Gonioscope	OptoGlobal/Lightmed/Other Equivalent Supplier	Set	1,000.00	1	1,000.00
28	4 Mirror Gonioscope	OptoGlobal/Lightmed/Other Equivalent Supplier	Set	1,500.00	1	1,500.00
29	Perimetry	Appasamy Associates/Topcan/OptoGlobal/Other Equivalent Supplier	Set	8,000.00	1	8,000.00
30	Prism Bar, Raf, Near Vision Mis	OptoGlobal/Lightmed/Other Equivalent Supplier	Set	5,000.00	1	5,000.00
31	Specular Microscope	Topcon/Other Equivalent Supplier	Set	15,000.00	1	15,000.00
32	Refractive Error Screening Device	Forus/Other Equivalent Supplier	Set	6,000.00	5	30,000.00
33	Fluorescein Fundus Angiography (FFA)	Forus/Other Equivalent Supplier	Set	8,000.00	2	16,000.00
34	Neo-Natal Screening Device	Forus/Other Equivalent Supplier	Set	1,000.00	4	4,000.00
35	Binocular Refractormeter	Forus/Other Equivalent Supplier	Set	1,000.00	4	4,000.00
36	Wearable Phoropter	Forus/Other Equivalent Supplier	Set	2,500.00	3	7,500.00
37	Portable Auto Refractor, Netrometer, Netropter, Printer	Eye Netra /Other Equivalent Supplier	Set	2,500.00	5	12,500.00
(B)	**LABORATORY EQUIPMENTS**					
38	ECG Machine	BPL/Other Equivalent Supplier	Set	5,000.00	1	5,000.00
39	Bio Chemistry Analyser	BPL/Other Equivalent Supplier	Set	1,000.00	1	1,000.00
40	Centrifuge	BPL/Other Equivalent Supplier	Set	500.00	1	500.00
41	Lab Accessories	BPL/Other Equivalent Supplier	Set	1,500.00	1	1,500.00
42	Calorine Meter	BPL/Other Equivalent Supplier	Set	500.00	1	500.00
43	Needle Destroyer	BPL/Other Equivalent Supplier	Set	500.00	1	500.00
44	Microscope	BPL/Other Equivalent Supplier	Set	1,000.00	1	1,000.00
(C)	**IT EQUIPMENT** Software & Application for System and Server		Set	10,000	1	10,000
	Total Amount A				**84**	**363,630.00**
	Total Amount A (USD In Thousand)					**363.63**